# မြန်မာစစ်သုံးဝေါဟာရများစစ်တမ်း
# (ပဒေသရာဇ်ခေတ်)

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မောင်သက်လွင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

မြန်မာစစ်သုံးဝေါဟာရများစစ်တမ်း (ပဒေသရာဇ်ခေတ်)ကျမ်းသည် ပဒေသရာဇ်ခေတ် မြန်မာ့စစ်သုံးဝေါဟာရများကို စစ်တမ်းပြု၍ အနက်အဓိပ္ပာယ်များကို ဆန်းစစ်ဖော်ထုတ်ထားသောကျမ်းဖြစ်ပါသည်။ ရှေးမြန်မာပဒေသရာဇ်ခေတ်တွင် အသုံးပြုခဲ့သော စစ်ရေးနှင့်ပတ်သက်သည့် ဝေါဟာရများ၏ ရင်းမြစ်၊ အနက်အဓိပ္ပာယ်နှင့် အသုံးပြုပုံ ဝေါဟာရပြောင်းလဲပုံတို့ကို ဘာသာစကားအတွင်းမှ စစ်တမ်းပြုဖော်ထုတ်သုတေသနပြုရန် ရည်ရွယ်ပါသည်။ သမိုင်းအစဉ်အလာကြီးမားခဲ့သော မြန်မာလူမျိုးတို့၏ စစ်သုံးဝေါဟာရအများစုမှာ ယနေ့ခေတ်တွင် မေ့ပျောက်ကုန်ကြပြီဖြစ်သည်။ ထိုသို့ တိမ်မြုပ်နေသော မြန်မာ့သေနင်္ဂဗျူဟာစစ်သုံးဝေါဟာရ များကို ဖော်ထုတ်ပြလိုသောရည်ရွယ်ချက်ဖြင့်လည်း ဤကျမ်းကိုအားထုတ်ထားပါသည်။ မြန်မာစစ်သုံးဝေါဟာရများကို စစ်တမ်းပြုရာတွင် ပုဂံခေတ်မှအစပြု၍ ကုန်းဘောင်ခေတ် နှောင်းပဒေသရာဇ်ခေတ်ပြီးဆုံးသည်အထိ ပါဝင်ပါသည်။ ထိုကာလအတွင်း ပေါ်ပေါက်ခဲ့သော စစ်ရေးဆိုင်ရာဝေါဟာရများပါဝင်သည့် ရှေးဟောင်းစာပေမြန်မာကျောက်စာများ၊ ရာဇဝင်ကျမ်းများ၊ အမိန့်တော်များ၊ ပို့၊ မော်ကွန်းနှင့် ချင်း၊ ကဗျာလင်္ကာများစွာရှိပါသည်။ ထိုမျှ များပြားသည် ဖြစ်၍ ကျမ်းပြုသူအနေဖြင့် လေ့လာမှုနယ်ပယ်ကို ချင့်တွက်ကာ ကန့်သတ်ရပါသည်။ အလေ့လာခံ ကျမ်းရင်းများရွေးချယ်ကာ ဝေါဟာရစာရင်းကို ကောက်ယူပါသည်။ ထိုနောက်မှ ဤကျမ်းအတွက် ဝေါဟာရ (၃၇၉) လုံးကို ရွေးချယ်၍အနက်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤကျမ်းတွင် ရှေးမြန်မာမင်းများလက်ထက် သုံးနှုန်းခဲ့သော စစ်ရေးဆိုင်ရာ၊ စစ်ဗျူဟာ ဆိုင်ရာ၊ စစ်နှင့်ဆက်စပ်သည့်ဝေါဟာရများကို ရွေးချယ်ထုတ်နုတ်၍ အဘိဓာန်ပညာဖြင့် ချဉ်းကပ် လေ့လာတင်ပြထားပါသည်။ စစ်ဘက်ဆိုင်ရာအမှုထမ်း ဝေါဟာရများနှင့်ပတ်သက်၍ အနက်ဖွင့် ဆိုရာတွင် အချို့ဝေါဟာရများကို ယခင်သုတေသီပညာရှင်တို့၏ အမြင်များနှင့် ကွဲပြား၍ ကြံဆဖွင့်ဆိုထားပါသည်။ ပုဂံခေတ်ကပင် 'စစ်သား' ဝေါဟာရရှိကြောင်းကို ကျောက်စာများပါအတွင်းသက်သေ ဝေါဟာရများကိုအခြေပြု၍ ဆက်စပ်ဖော်ထုတ်ထားပါသည်။ ထို့အပြင် စစ်အလတ်၊ ရေစစ်နိုင်၊ သူရဲကြီး၊ သူရဲရွာ၊ ကိုယ်ရံမင်း၊ ကိုယ်ရံသူကြီး၊ ကိုယ်ရံအသည်၊ စစ်လျှင်သူကြီး၊ စစ်လျှင်မင်းတို့သည် ထူးခြားသော ဝေါဟာရများဖြစ်ပါသည်။ ကုန်းဘောင်ခေတ် လက်ဝဲသုန္ဒရအမတ်ကြီး၏ စစ်ပို့သုံးစောင်တွင်ပါဝင်သည့် စစ်ဗျူဟာဆိုင်ရာ ဝေါဟာရများဖြစ်သည့် စစ်ကူ၊ စစ်ချီ၊ စစ်ဆင်၊ စစ်ထွက်၊ စစ်တိုက်၊ စစ်ပြန် စသည့် ဝေါဟာရများသည် ယနေ့ခေတ်တိုင် အသုံးတွင်ဆဲ ခေတ်မီနေဆဲဖြစ်ပါသည်။ ကုန်းဘောင်ခေတ်ဦး အလောင်းမင်းတရားကြီးလက်ထက် တင်ကျည်းမှူး ဝေါဟာရ၊ ပဒေသရာဇ်ခေတ်နှောင်း နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်များကို ခုခံသည့်စစ်ပွဲများ ဆင်နွှဲခဲ့ရ၍ စစ်ဆိုင်းအလံ၊ ပြေငြိမ်းတံဆိပ်၊ မိတ်သဟာယစာချုပ် စသည့် ဝေါဟာရများသည် မြန်မာ့စစ်သမိုင်းအတွက် အရေးပါလှပါသည်။ ဤကျမ်းသည် မြန်မာစာပေတွင် ရှေးခေတ်မြန်မာ့စစ်သုံးဝေါဟာရများ အဘိဓာန်စာအုပ် ပေါ်ပေါက်စေရန် အကျိုးပြုနိုင်မည်ဟု ထင်မြင်မိပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် ဆိုင်သော စစ်သုံးဝေါဟာရများကို အဘိဓာန်ပညာအရ ဖော်ထုတ်ပေးခြင်းဖြင့် မြန်မာဘာသာ၊ မြန်မာစာပေ အတွက်လည်းကောင်း၊ နိုင်ငံတော်နှင့်လူမျိုးအတွက်လည်းကောင်း၊ တစ်ထောင့်တစ်နေရာမှ အကျိုးပြု နိုင်မည်ဟု ယုံကြည်မိပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ဇာတိသွေး၊ ဇာတိမာန် စိတ်ဓာတ်များ အစဉ်မွေးမြူနိုင်ကြရန်အတွက် ရှေးခေတ်မြန်မာစစ်သုံးဝေါဟာရများသည် တစ်ခန်း တစ်ကဏ္ဍ အရေးပါလှသည်ဟုဆိုရပါမည်။